**၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ မန္တလေးမြို့တွင် အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်**

၂၀၁၄ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း မန္တလေးမြို့တွင် အရပ်ဖက် အဖွဲ့အစည်းများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကြံပြုဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း များအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၇)ရပ် အဖြစ်ခွဲ၍ စုစည်း ဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု၊ စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊လျှပ်စစ်မီးရရှိရေး သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

**ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု**

- ကမ္ဘာ့ဘဏ်ကဆောင်ရွက်နေသော အစီအစဉ်များအားလုံးသည် ထိရောက်ပြီး ပွင့်လင်းမြင်သာမှု ရှိရန်လိုအပ်သည်။ ဆိုလိုသည်မှာ စီမံကိန်းတွင်အကျိုးခံစားရမည့်သူများနှင့် တိုင်ပင်ဆွေးနွေးမှုပြုသင့်သည်။
- အစိုးရအနေဖြင့် တာဝန်ခံနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းများမရှိသေးသည်ကို သတိချပ်သင့်သည်။ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေးဦးစားပေးများရွေးချယ်ရာတွင်သံသယရှိနေသည်။ ထိုကဏ္ဍများကို ရွေးချယ်ရန်အစိုးရက မည်မျှပါဝင်ပတ်သက်နေသည်ကို သိရှိလိုပါသည်။
- စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြေယာဆုံးရှုံးမှုများမဖြစ်ပေါ်ရန် နှင့် အစီအစဉ်များအားလုံးအတွက် ထိရောက်သော စစ်ဆေးရေးနှင့် ပြန်လည်သုံးသပ်ရေးစနစ်များရှိသင့်သည်။
- ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုသည် ထိန်းမနိုင်သော အကြွေးဝန်ပိခြင်းမရှိရန်လည်း ဆောင်ရွက်ပေး သင့်သည်။
- အစားအသောက်ဘေးကင်း လုံခြုံရေးနှင့် စားသုံးသူကာကွယ်ရေးစနစ်များကို ကူညီထောက်ပံ့သင့်သည်။
- ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် ၎င်း၏သတင်းအချက်အလက်များဝေမျှရန် အင်တာနက်တစ်ခု တည်းကို အသုံးမပြုသင့်ပေ။ နိုင်ငံ၏နေရာတော်တော်များများတွင် အင်တာနက်ဆက်သွယ်မှု အားနည်းနေသေးသည်။
- ဧရာဝတီမြစ်ကို နိုင်ငံတကာမြစ်အဖြစ်မှားယွင်းသုံးနှုန်းမှုကဲ့သို့သော အမှားမျိုးနောက်ထပ်မဖြစ်သင့်ပေ။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီ နှင့် ငွေကြေးကူညီထောက်ပံ့မှုများပြုလုပ်သင့်သည်။ (၈)

- တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရန် အကူအညီပေးသင့်သည်။ (၂)
- လယ်သမားများ၏ အခွင့်အရေးနှင့် အကျိုးကျေးဇူးကိုကာကွယ်ပေးနိုင်သော မူဝါဒများချမှတ်နိုင်ရန် အစိုးရကိုအကူအညီပေးသင့်သည်။ (၂)
- လယ်သမားများ နှစ်သီးစား မှ သုံးသီးစားသို့တိုးမြှင့်လုပ်ဆောင်နိုင်ရန်အကူအညီပေးသင့်သည်။
- မြန်မာသည် ပို့ကုန်ဈေးကွက်အတွက်အဆင်သင့်ဖြစ်ပြီလားဆိုသည်ကို စဉ်းစားပေးစေလိုပါသည်။

- လယ်သမားအားလုံးအတွက် အသေးစားချေးငွေများတိုးမြင့်ရရှိရန် အကူအညီပေးသင့်သည်။
- အပူပိုင်းဒေသများတွင် ဆည်မြောင်းများတည်ဆောက်ပေးခြင်းနှင့် ရေအရင်းအမြစ်ကို စီမံခန့်ခွဲရေးအတွက် အကူအညီများပေးသင့်သည်။ ယခင်ကအမှားများထပ်မံမဖြစ်ရန်လည်း အရေးကြီးသည်။
- စိုက်ပျိုးရေးကဏ္ဍတွင် သုတေသနများပြုလုပ်ပြီး တွေ့ရှိချက်များအားမျှဝေသင့်သည်။

**ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး**

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လတ်တလောတွင် အားမပေးသင့်ပါ။ အဘယ်ကြောင့်ဆိုသော် SME များကို အကာအကွယ်ပေးရန် လုံလောက်သော စည်းမျဉ်းမူဘောင်များမရှိသေးပေ။ (၃)
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပြည်တွင်းလုပ်သားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်သည်။ နိုင်ငံခြားကုမ္ပဏီများ၏ လက်အောက်ခံဘဂဖြင့်မိမိတို့၏ နိုင်ငံသားများကိုမမြင်လိုပေ။ (၂)

**ပညာရေး**

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကိုဦးစားပေးသင့်သည်။ (၅)

- အစိုးရ၊ INGO များနှင့်ပူးပေါင်း၍ ပညာရေးကဏ္ဍကိုမြှင့်တင်ပေးရန်လိုသည်။ အခမဲ့အခြေခံပညာရရှိရေး၊ ဆရာများအား သင်တန်းများပေးရေးနှင့် ထောက်ပံ့ကြေးများပေးရေးကိုဆောင်ရွက်ပေးသင့်သည်။ (၃)
- နိုင်ငံနှင့်သင့်လျော်မည့် သင်ရိုးညွှန်းတမ်းပေါ်ပေါက်လာစေရန် ကူညီသင့်သသည်။ (၂)
- သင်ယူသူဗဟိုပြုစနစ်နှင့် critical thinking ကိုအသုံးပြုသင်ကြားရန်ကူညီသင့်သည်။ (၂)
- စာမေးပွဲကို အဓိကထားသည့် သင်ကြားမှုသင်ယူမှုသဘာဂကို ပြောင်းလဲရန်ကူညီသင့်သည်။
- ပညာရေးမူဂါဒများ ရေးဆွဲရာတွင်မိဘများ နှင့်ဆရာများပူးပေါင်းပါဂင်သင့်သည်။
- အရပ်ဖက်အဖွဲ့အစည်းများမှ ကူညီပေးနေသော ဘုန်တော်ကြီးသင်ပညာရေးကို ကူညီအားပေးသင့်သည်။

**ကျန်းမာရေး**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ကျန်းမာရေးအာမခံစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပေါ်ပေါက်လာစေရန်ကူညီသင့်သည်။

**လျှပ်စစ်မီးရရှိရေး**

- လျှပ်စစ်မီးရရှိရေးအတွက်အကူအညီပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ထွက်ကုန်များအား သိုလှောင်ခြင်း၊ ဖြန့်ပေခြင်းများပြုရာတွင်အရေးပါသည်။
- ကမ္ဘာ့ဘဏ်အနေဖြင့် ဆည်ကြီးများနှင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းများ မပြုလုပ်သင့်ပေ။

**သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး**

- ဆက်သွယ်ရေးကဏ္ဍတိုးတက်အောင်ကူညီသင့်သည်။ မန္တလေးတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် Taxi နှင့် မြို့ပတ်ရထားလမ်းများဖောက်လုပ်ပေးသင့်သည်။
- ထွက်ကုန်များ သိုလှောင်ခြင်းနှင့်ဖြန့်ဖြူးခြင်းများကို လွယ်ကူစွာဆောင်ရွက်နိုင်ဂုန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ကူညီသင့်သည်။

## တက်ရောက်လာသော ပုဂ္ဂိုလ်များ၏အမည်စာရင်း

| **အမည်** | **အဖွဲ့အစည်း** |
|---|---|

| | |
|---|---|
| ဦးအောင်မြင့်သိန်း | ယုံကြည်ရာ |
| ဒေါ်ဟန်ဇာခြည် | လောကအလင်း |
| ဤပုဂ္ဂိုလ်သည် ၎င်း၏အမည်အားဖော်ပြရန်ဆန္ဒမရှိပါ။ | |
| ဒေါ်စုမွန်တိုး | သဇင်ပန်းကုမ္ပဏီလီမိတက် |
| ဦးခင်မောင်မြင့် | ထူးမြတ်ကျော် |
| ဦးနိုင်ထွန်းလင်း | မန္တလေးဆရာများအသင်း |
| ဦးသန်းထွန်းဦး | လောကအလင်း |
| နေနီအောင် | ဘာသာပေါင်းစုံဂရုဏာရှင်များအဖွဲ့ |
| ဦးကိုကြီး | FNI |
| ဦးကျော်ဆွေလတ် | FNI |
| ဦးကောင်း | FNI |
| ဦးစိုးဝင်း | FNI |
| ဦးသိန်းအောင်မြင့် | Movement For Demogracy Current Forces |
| ဒေါ်သင်းသင်းအေး | GSMI |
| ဦးထွန်းထွန်းအောင် | 3N |
| ဒေါ်အိအိချော | M.P.W.N |
| Dua Borge | GRANT Thaton |
| ဦးဝင်းဖေမောင် | |
| ချစ်စန်းဦး | |
| ဦးသန်းထွန်းကို | စိမ်းရောင်စို |
| cells | စိမ်းရောင်စို |
| ဦးဝင်းနိုင် | ဖောင်တော်ဦး |
| ဦးအောင်ကျော်စန်းသူ | ဖောင်တော်ဦး |
| ဦးအောင်မြင့်ထွန်း | MBCA |
| နန်းနေခြည်မင်း | LRC |
| လွင်အိန္ဒြာကျော် | Access Youth |
| ဒေါ်ခင်စန်းရီ | MRAMR |
| ဦးသန့်ဇော် | TLMM |
| ဦးမောင်မောင်ဦး | SYS |
| ဒေါ်နီနီအောင် | ဖောင်တော်ဦး |
| ဒေါ်သန်းသန်းဝင်း | ဖောင်တော်ဦး |
| ဦးနေလင်း | လူ့သုံးကုန်သင်း |
| David Zet | ရှန်ပညာရေးကွန်ယက် |
| ဇင်မင်းကျော် | အမေ့အိမ် |
| မကြီးပွင့် | Rainbow Ribbon |
| ဇူလိုင်ဇာဇာ | Smile Education |
| ဦးဇော်ဝင်းအောင် | သုခကါရီလူမှုကူညီရေး |
| ဦးကျော်သန်း | luyechun |
| ဦးမောင်မောင်မြင့် | သုခကါရီလူမှုကူညီရေး |

| | |
|---|---|
| ဦးနိုင်နိုင်ထွန်း | အလင်းသစ်မသန်စွမ်းအသင်း |
| ဦးအောင်ဆန်းမိုး | အလင်းသစ်မသန်စွမ်းအသင်း |
| ဒေါက်တာမောင်မောင် | MRCCI |
| ဦးမြင့်ထွန်း | မြင့်မြတ်ရောဝတီ |
| ဒေါ်နေစုလှိုင် | တမာရိပ် (အမျိုးသမီးအသင်း) |
| ဒေါ်တင်မာရီ | အယုသုခ အခမဲ့ဆေးခန်း |
| ဦးချစ်ထူး | |
| ကိုဝင်းမြင့်ထွန်း | |
| ဦးဝါယာမ | ပညာပါရမီရွှေကျောင်း |
| အရှင်ဇဝန | ဇညကမ္မောဒဇကျောင်း |
| မိုးမြင့်နိုင် | ဖောင်တော်ဦးကျောင်း |
| ဦးဇော်သန်း | Greentrust P.O.L |
| ဦးအောင်မြင့်ဦး | ရတနာကိုးသွယ်လူမှုကူညီရေး |
| ဦးဝင်းမြင့် | |
| ကိုညီနိုင် | ရူဝံ ပရဟိတ |
| ဦးဝင်းလှိုင်ဦး | kam.tet.kone (M/E) |
| ဦးအောင်အောင် | |
| ဦးဝင်းညွန့် | ဖောင်တော်ဦး |
| ဦးထွန်းထွန်းဦး | ဖောင်တော်ဦး |
| ဒေါ်အိရွှေစင် | ဖောင်တော်ဦး |
| ဒေါ်အိဇင်မွန် | ဖောင်တော်ဦး |
| ဒေါက်တာဌေးမောင် | MBCA |
| ဇင်လှိုင်ထက် | Youth Empowered Society |
| ဦးဇော်မိုး | မေတ္တာရတနာ |
| နော်ထက်ထားဝင်း | YMCA |